EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၈၄

ဩဂုတ် ၆ ရက်၊ ၂၀၁၉



သတင်းဓာတ်ပုံ

တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးဆိုင်ရာ စုငွေ၊ ချေးငွေ၊ ဥပဒေ မူကြမ်းဖြစ်မြောက်ရန် ပြည်နယ်အဆင့် ပြည်သူလူထုအား တွေ့ဆုံရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဇူလိုင် လ ၂၆ ရက်နေ့က ကယားပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

(ကိုးကား- www.facebook.com/kayahstatehluttaw)

## ရှမ်းပြည်နယ် လျှပ်စစ်ဥပဒေမူကြမ်းကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းထား

ဇူလိုင် ၂၉ ၊ ၂၀၁၉

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ရှမ်းပြည်နယ် လျှပ်စစ်ဥပဒေမူကြမ်းကို လွှတ်တော်သို့ တင်သွင်းထားပြီး ပြည်သူလူထု အကျိုးရှိနိုင်မည်ဟု ဥပဒေမူကြမ်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် (မိုင်းရှူး-၂) ပြောကြားသည်။

ရှမ်းပြည်နယ်သည် ရေသယံဇာတပေါပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်စေမည့် ရေကာတာဆည်ကြီးများ ဆောက်လုပ်မည့်အစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ရေအားလျှပ်စစ်အသေးစားများကို တရားဝင်လုပ်ပိုင်ခွင့်ဖြစ်ပေါ်စေရန် လျှပ်စစ်ဥပဒေမူကြမ်းက ရည်ရွယ်သည်ဟုဆိုသည်။ အဆိုပါ ဥပဒေမူကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်ရုံးသို့ တင်သွင်းပြီး လွှတ်တော်ဥပဒေကြမ်းကော်မတီက ဆွေးနွေးရန် သဘောတူထားကာ ယင်းမှတစ်ဆင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ ပေးပို့ထားကြောင်း ဦးစိုင်းလင်းမြတ်က ပြောသည်။

လျှပ်စစ်ဥပဒေမူကြမ်းနှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရယူမည်ဟု ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်တော့ ပြန်မကျလာသေးဘူး၊ ဘယ်အချိန်မှာဒါကိုပြန်ပြီးတော့ သဘောထားမှတ်ချက်ပေးမယ်၊ မှတ်ချက်မကျရင်လည်း ဘာကြောင့်ကြန့်ကြာနေရသလဲဆိုတာကို လွှတ်တော်မှာ မေးခွန်းမေးဖို့အတွက် ပြင်ဆင်ထားတယ်"ဟု ဦးစိုင်းလင်းမြတ်က ပြောသည်။ ရှမ်းပြည်နယ် လျှပ်စစ်ဥပဒေမူကြမ်းတွင် အခန်း (၁၀) ခန်း ပါဝင်ပြီး ဥပဒေ (၃၄) ချက်ပါဝင်သည်ဟု သိရသည်။

ရှမ်းပြည်နယ် လျှပ်စစ် ဥပဒေမူကြမ်းကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးပြီး အတည်ပြုချက်ရယူမည်ဟု ဦးစိုင်းလင်းမြတ်က ပြောသည်။

(ကိုးကား-http://www.7daydaily.com)

# လွှတ်တော်ကိုယ်စားလှယ်များ စည်းလွတ်ဘောင်လွတ် မေးမြန်းခြင်းမပြုရန် သမ္မတသတိပေး

## ဩဂုတ် ၃၊ ၂၀၁၉

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းမေးမြန်းရာတွင် စည်းလွတ်ဘောင်လွတ် မေးမြန်းခြင်းမပြုရန်နှင့် မဖြစ်နိုင်သည့်အဆိုများကို မတင်သွင်းရန် နိုင်ငံတော်သမ္မတက မှာကြားကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်က ပြောသည်။ သမ္မတဦးဝင်းမြင့်နှင့် မန္တလေးတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်မှ တာဝန်ရှိသူများ တွေ့ဆုံပွဲတွင် ယင်းသို့ပြောခဲ့ခြင်းဖြစ်သည်။

"လွှတ်တော်ကိုယ်စားလှယ်ပိုင်းကတော့ ကိုယ့်အလုပ်ကို ပီပီပြင်ပြင်လုပ်ကြဖို့၊ လွှတ်တော်ကလည်း လွှတ်တော်အခန်းကဏ္ဍကို လုပ်ဖို့မှာတယ်။ လွှတ်တော်မှာမေးတဲ့အခါမှာလည်း ပြည်ထောင်စုကို တိုက်တွန်းကြောင်း အဆိုတွေမလုပ်ရဘူးပေါ့။ ပြည်ထောင်စုအဆို လုပ်စေချင်တယ်ဆိုရင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ရှိတယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှိတယ်ပေါ့။ သူတို့ကိုပြောပေါ့။ တိုင်းဒေသကြီးမှာ အဲဒီလိုမျိုးတွေ တွေ့ရှိရတာတွေက စည်းလွတ် ဘောင်လွတ်ဖြစ်တယ်လို့ ပြောတယ်"



မန္တလေးမြို့ ဌာနဆိုင်ရာများနှင့်တွေ့ဆုံရန် ရောက်ရှိလာသည့် သမ္မတဦးဝင်းမြင့်
(ဓာတ်ပုံ-Kaung Zaw Hein/MPA)

"ကိုယ်စားလှယ်တွေအနေနဲ့လည်း မဖြစ်နိုင်တဲ့အဆိုတွေ မပြောဖို့ဆိုပါတော့၊ ကိုယ်က လူအင်အားများပြီး မဖြစ်နိုင်တဲ့အဆိုကို တင်သွင်းလိုက်လို့ အစိုးရကမလုပ်နိုင်ဘူးဆိုရင်လည်း အလကားပဲတဲ့။ အစိုးရကလည်း ဘယ်လိုပဲ အဆိုပဲအောင်အောင် မလုပ်နိုင်ဘူးလို့ ပွင့်ပွင့်လင်းလင်းပြောခဲ့လို့ရှိရင် ဒါတွေ ကောင်းတာပေါ့လို့ ပြောတယ်။ အစိုးရပိုင်းနဲ့ လွှတ်တော်နှစ်ခုစလုံးကို ပြောသွားတယ်"ဟု ဦးတင်အောင်က ပြောသည်။

(ကိုးကား-http://www.7daydaily.com)

# ကသာ-ဗန်းမော် ရထားလမ်းဖောက်စဉ် နစ်နာကြေးပေးရန် ကျန်ရှိသူများကို ထောက်ပံ့ကြေးပေးရန် တင်ပြထား

## ဩဂုတ် ၅၊ ၂၀၁၉

ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရာတွင် နစ်နာကြေးပေးအပ်ရန်ကျန်ရှိသော မြို့ပေါ်ရပ်ကွက်ရှိ မြေပိုင်ရှင် ၂၄ ဦးနှင့် တောင်သူ ၄၉ ဦးကို ထောက်ပံ့ကြေးပေးအပ်ရန် တင်ပြထားကြောင်း ကသာမြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ဦးညီညီထွန်းက ၂၀၀၇-၀၈ ခန့်က ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရာတွင် ပထမအကြိမ် နစ်နာကြေးပေးရာ၌ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသော မြေပိုင်ရှင်များနှင့် တောင်သူများကို ထောက်ပံ့ကြေးပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးသန်းညွန့်ဝင်းက ပေးအပ်ရန်တင်ပြထားကြောင်း ပြန်လည်ဖြေကြားသည်။

အဆိုပါ ထောက်ပံ့ကြေးပေးနိုင်ရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြပြီး ခွင့်ပြုချက်ရရှိပါက လာမည့် ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်အတွင်းပေးအပ်နိုင်ဖွယ်ရှိကြောင်းၡင်းက ခန့်မှန်းပြောကြားသည်။ မြေပိုင်ရှင် ၂၄ ဦး၏ မြေကေ ၃ ဒသမ ၇၈၇ ကေအတွက် မြို့မြေလျော်ကြေး ကျပ် ငါးရာကိုးဆယ့်ခြောက်သိန်း ချထားပေးရန်နှင့် တောင်သူ ၄၉ ဦး၏ မြေဧရိယာ ၉၉ ဒသမ ၄၁ ဧကအတွက် နစ်နာကြေးပေးအပ်နိုင်ရန် ကသာမြို့နယ်နှင့်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီများက အဆင့်ဆင့်တင်ပြထားကြောင်း၊ ယင်းအဖွဲ့ (ဗဟို)၏ အတည်ပြုချက်ရပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးက ပြောသည်။

(ကိုးကား-http://www.7daydaily.com)

# ရှမ်းပြည်နယ်လွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်ရေးကော်မတီ ၈ ကြိမ်မြောက် ကွင်းဆင်း

**ဇူလိုင် ၂၃၊ ၂၀၁၉**

ရှမ်းပြည်နယ်လွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်ရေးကော်မတီမှ ၈ ကြိမ်မြောက် အဖြစ် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်းသို့ ဇူလိုင်လ စတုတ္ထပတ်အတွင်းက ကွင်းဆင်းဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း ယင်းကော်မတီ၏ အတွင်းရေးမှူး ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းစိုး (ရွာငံ-၁) ထံမှ သိရသည်။

"တွေ့ဆုံပွဲတွေနဲ့ ပညာရေးဆိုင်ရာတွေ့ရှိချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ လွှတ်တော်ကို ပြန်လည်တင်ပြသွားမှာဖြစ်ပါတယ်"ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ကွင်းဆင်းစီမံချက်အရ ဇူလိုင်လ ၂၃ ရက်မှ ၂၇ ရက်အတွင်း ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဒေါ်နန်းခင်ထားရီ၊ ဒေါ်နန်းကောင်ခမ်း၊ ဦးစိုင်းလုံ၊ ဦးဇော်ထွန်း၊ ဦးအေးမင်းစိုးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပါဝင်သောအဖွဲ့က နမ့်စန်မြို့ရှိ ဌာနဆိုင်ရာများ၊ ကျေးရွာများသို့သွားရောက်ကာ ကလေးသူငယ်များ၏ ပညာသင်ကြားနေမှု အခြေအနေများကို လေ့လာခဲ့ခြင်းဖြစ်သည်။


Photo - Khin Htar Yee Facebook

အဆိုပါကော်မတီအနေဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းအတွင်း ၇ ကြိမ် ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးနှင့် တန့်ယန်းမြို့နယ်များတွင် ဖြစ်ပွားခဲ့သည့် ကလေးသက် ငယ်မုဒိန်းမှု ၂ မှုနှင့် လူကုန်ကူးမှုကို စိစစ်တင်ပြခြင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်၊ မိုးနဲမြို့နယ်များ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဖြတ်၊ မိုင်းခတ်၊ မိုင်းယောင်းမြို့နယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူထုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး လွှတ်တော်သို့တင်ပြနိုင်ခြင်းကြောင့် ပြည်နယ်အစိုးရမှ လိုအပ်သည်များကို မြန်ဆန်စွာဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ယင်းကော်မတီမှ သိရသည်။

**(ကိုးကား - https://www.kanbawzatainews.com)**

# တရုတ်ပိုင် ငါးမှုန့်ကြိတ်စက်ရုံ ကျောက်မီးသွေးဖြင့်လည်ပတ်၍ ကိုယ်စားလှယ်များကန့်ကွက်

**ဇူလိုင် ၃၁၊ ၂၀၁၉**

ကျောက်ဖြူမြို့နယ်၊ ကင်းမြောက်ကျေးရွာအုပ်စု၊ ပင်လယ်နားကျေးရွာတွင် တည်ဆောက်ထားသော တရုတ်နိုင်ငံသားပိုင် ငါးမှုန့်ကြိတ်စက်ရုံအား ကျောက်မီးသွေးဖြင့် အသုံးပြုလည်ပတ်နေသဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာနိုင်သလို လူများကိုလည်း အန္တရာယ်ကျရောက်လာနိုင်ခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ထားကြောင်း သိရသည်။

ကျောက်ဖြူမြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးစံက လျှပ်စစ်မီး အခက်အခဲရှိသော ဒေသမဟုတ်သဖြင့် ကျောက်မီးသွေးဖြင့် လည်ပတ်မည်ကို ကန့်ကွက်သည်ဟုဆိုသည်။ ဆက်လက်၍ ၎င်းက "ကျောက်မီးသွေးရဲ့ဆိုးကျိုးကို တစ်ကမ္ဘာလုံးက သိတာပဲ၊ ဆိုးကျိုး ၁၃ မျိုးရှိတာ အားလုံးသိတယ်၊ စက်ရုံဆောက်မယ်ဆိုရင် နိုင်ငံခြားသားဟာ ဥပဒေအရ မြေပိုင်ဆိုင်ခွင့်မရှိဘူး၊ မြေပိုင်ဆိုင်မှုရအောင် ဘယ်လိုလုပ်ထားလဲမသိဘူး ၊မနေ့က မြေစာရင်းဦးစီးကို မေးကြည့်တော့ အရင်ဦးစီးလက်ထက်ကတည်းက မြေပိုင်ဆိုင်မှုရထားပြီ လို့ပြောတယ်" ဟု ဆိုသည်။ ယင်းနှင့်ပတ်သက်၍ အာဏာပိုင်များနှင့်သာသက်ဆိုင်ပြီး မြေစာရင်းဦးစီးဌာနနှင့်မဆိုင်ကြောင်း မြေစာရင်းဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောသည်။

ကျောက်တော်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းဝင်းက ပြည်သူများကို ပွင့်လင်းမြင်သာစွာချပြပြီးမှ အကောင်အထည်ဖော်သင့်ကြောင်းနှင့် မင်းပြားမြို့ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းအောင်ကလည်း သဘာဝဂတ်စ်ဖြင့် လျှပ်စစ်ရနေသဖြင့် ကျောက်မီးသွေးအသုံးပြုခြင်းမှာ မဖြစ်သင့်ကြောင်း ဆိုသည်။

စက်ရုံဆောက်ထားသော အနီးအနားရှိ ကျေးရွာများကမူ ကန့်ကွက်ခြင်းမရှိကြောင်း ကျောက်ဖြူမြို့နယ်၊ ကင်းမြောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းကျော်ငွေးက ပြောသည်။ အဆိုပါစက်ရုံအား ဇူလိုင် ၃၀ ရက်နေ့က ရခိုင်အမျိုးသားပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးစံ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမ်းမိုးထက်ဦးဆောင်သောအဖွဲ့တို့ ကွင်းဆင်းလေ့လာခဲ့ကြခြင်းဖြစ်သည်။

**(ကိုးကား-https://burmese.narinjara.com)**